ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## စစ်တန်းကျေးရွာ၊ စစ်တန်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

## မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ........................................ ၂

၂။စစ်တန်းအုပ်စုမြေပုံ ........................................ ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ........................................ ၄

၄။ကျေးရွာအခြေခံအချက်အလက်များ ........................................ ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ........................................ ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........................................ ၂၃

၈။ကျေးရွာကော်မတီဂင်များစာရင်း........................................ ၂၆


၉။ပုံစံစ-၁။ကျေးရွာအချက်အလက်........................................ ၂၈

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........................................ ၃၁

၁၁။အစည်းအဝေးမှတ်တမ်းများ ........................................ ၃၅

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)........................................ ၃၉

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ စစ်တန်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။စစ်တန်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲအတွင်းရှိ စစ်တန်းကျေးရွာသည် ကျောက်တန်းမြို့နယ်နှင့် (၁၉)မိုင်ခန့် ကွာဝေးပါသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၇.၀၂)စတုရန်းမိုင်၊ ဧကအားဖြင့် (၄၄၉၂.၈)ဧကရှိပါသည်။ ယခင်က မုတ္တမပင်လယ်ကွေ့ ကမ်းစပ်အနီးတွင် တည်ရှိပါသည်။ ယခင်က ပင်လယ်ကမ်းစပ်နား၌ စစ်ပင်များ စီတန်းပေါက်နေရာမှ စစ်ပင်တန်းဟုခေါ်တွင်ခဲ့ရာ ကာလအတန်ကြာပြီးနောက် စစ်တန်းကျေးရွာဟု ပြောင်းလဲခေါ်တွင်ခဲ့ပါသည်။ ယခင်စစ်ပင်တန်းတဲစု၌ လူဦးရေစုစုပေါင်း(၂၀)ခန့် သာရှိခဲ့ပါသည်။

စစ်တန်းကျေးရွာ၏ အရှေ့ဘက်တွင် တမံကြီးကုန်းကွင်း၊ အနောက်ဘက်တွင် တံတားမြို့၊ တောင်ဘက်တွင် တမံကြီးကုန်းကျေးရွာ၊ မြောက်ဘက်တွင် ပုတ္တလုတ်ကျေးရွာတို့ဖြင့် နယ်နမိတ်ချင်း ထိစပ်နေပါသည်။ နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများမှာ ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး ဟိန္ဒူလူမျိုးအနည်းစုသာ နေထိုင်ကြပါသည်။

စစ်တန်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စပါးနှင့် ပဲတီစိမ်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ စစ်တန်းကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာ အထက်တန်းကျောင်း(၁)ကျောင်း၊ မူလတန်းကျောင်း(၁)ကျောင်း၊ မူကြိုကျောင်း(၁)ကျောင်းနှင့် ကျေးရွာစာကြည့်တိုက်(၁)ခုတို့ရှိပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုရှိပါသည်။ ဘာသာရေးအဆောက်အအုံများအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းတို့ ရှိပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၁၈ | ၃၀ | ၂၅ | ၅၅ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၅၀ | ၄၅၆ | ၄၅၀ | ၉၀၆ |
| မြေယာမဲ့ | ၃ | ၄ | ၆ | ၁၀ |
| မသန်စွမ်း | ၀ | ၀ | ၀ | ၀ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | တွင်ခုံလုပ်ငန်း | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ဆိုင်ကယ်ဝပ်ရှော့ | |
| | ဘဲ | စျေးဆိုင် | |
| | | စပါးအရောင်းအဝယ် | |
| | | ပဲတီစိမ်းရောင်းအဝယ် | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၄၈၂.၈ | ၁၀ | - | - | -/၁၆ | ၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | စျေးဆိုင် |
| အရေအတွက် | ၂ | ၂၅ | ၂ | ၅ | ၁- | ၂၀ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၀၀ | ၁၂၅၀ | - | - | ၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၀၀ | ၁၀၀၀ | ၇ | ၁၀၀ | ၂၁ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၃၀-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၁၀ | ၂၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၃၀-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၅ | ၁၅ | ၃၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၃၀-၁၀-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၅ | ၁၅ | ၃၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၃၀-၁၀-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၀ | ၁၅ | ၃၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများ နှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက် လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၃၀-၁၀-၂၀၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၀ | ၁၅ | ၃၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃၀-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၀ | ၁၅ | ၃၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




## သုံးသပ်ချက်

စစ်တန်းကျေးရွာသည် ကျောက်တန်းမြို့နှင့် (၁၉)မိုင်ခန့်ကွာဝေးပါသည်။ စစ်တန်းကျေးရွာတွင် စိုက်ပျိုးမြေဧက (၄၄၈၂)ဧက ရှိပါသည်။ ကျေးရွာတွင် သောက်သုံးရေကန် (၁၆)ကန်ရှိပါသည်။ သောက်သုံးရေနှင့် ရေကောင်းရေသန့် တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။ မိုးရာသီတွင် သွားလာရခက်ခဲသော မြေသားလမ်း(၂)လမ်း ရှိပါသည်။ ထိုလမ်းသည် ကျောင်းသူ/ကျောင်းသားများ နှင့် ရွာသူ/သား များအတွက် မိုးရာသီတွင် သွားလာရေးခက်ခဲပါသည်။ စစ်တန်းကျေးရွာတွင် အိမ်ခြေ(၆၇၇)ရှိပြီး (၁၈)အိမ်ခြေမှာ ဟိန္ဒူလူမျိုးများ ဖြစ်ပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးမှုရာခိုင်နှုန်းမှာ အသင့်အတင့် ရှိပါသည်။

စစ်တန်းကျေးရွာတွင် အ.ထ.ကကျောင်း (၁)ကျောင်းရှိသဖြင့် ပညာရေးအတွက် အဆင်ပြေသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျန်းမာရေးဌာနခွဲတစ်ခုရှိသောကြောင့် ရွာသူရွာသားများ၏ ကျန်းမာရေးအတွက် အဆင်ပြေမှုရှိကြောင်းတွေ့ရပါသည်။ တံတားမြို့နှင့် ဆက်သွယ်ထားသော လမ်းမှာ ကွန်ကရစ်လမ်းဖြစ်၍ ရွာသူရွာသားများ၏ လယ်ယာထွက်သီးနှံများအတွက် ကုန်သွယ်စီးဆင်းမှု အဆင်ပြေကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် စစ်တန်းကျေးရွာသည် ဖွံ့ဖြိုးမှု အသင့်အတင့် ရှိသော ကျေးရွာဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

စစ်တန်းကျေးရွာအုပ်စု 30 - 10 - 2017


စစ်တန်းကျေးရွာ.

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက - ၆၀၊ [illegible] လယ်ထွန်စက်၊ [illegible]၊ [illegible]၊ ဆန်စက် ကား၊ ဆိုင်ကယ်။ | ၁၀၀ | ၉% |
| အလယ်အလတ် | လယ်ဧက - ၃၀၊ သွပ်မိုး၊ ပျဉ်ထောင်၊ [illegible]၊ ဆိုင်ကယ်. | ၆၇၅ | ၆၃% |
| နွမ်းပါး | ဓနိမိုး၊ [illegible]၊ ဆိုင်ကယ်၊ [illegible] အပ်ချုပ်စက်. | ၃၀၀ | ၂၈% |
| | စုစုပေါင်း | ၁၀၇၅ | ၁၀၀% |

## သုံးသပ်ချက်

စစ်တန်းကျေးရွာတွင် အိမ်ထောင်စု (၁၀၇၀) ရှိပါသည်။ ဥစ္စာနေကြွယ်ဝမှုအဆင့် သတ်မှတ်ရာတွင် ချမ်းသာသောအဆင့်၊ အလယ်အလတ်အဆင့်၊ နွမ်းပါးသောအဆင့် ဟူ၍ အဆင့်(၃)ဆင့် ခွဲထားပါသည်။ ချမ်းသာသောအိမ်ထောင်စုမှာ (၁၀၀)ရှိပါသည်။ ထိုအိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ လယ်ဧက(၆၀)၊ တိုက်အိမ်၊ စပါးရိတ်စက်၊ ထွန်စက်၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်၊ နွားပုံ၊ ဆန်စက်နှင့် ကားတို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၆၇၄)ရှိပါသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုများမှာ လယ်ဧက(၃၀)၊ သွပ်မိုးပျဉ်ကာ၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်၊ နွားပုံ၊ ဈေးဆိုင်တို့ဖြစ်ပါသည်။ နွမ်းပါးသောအိမ်ထောင်စုမှာ (၃၀၀) ရှိပါသည်။ ထိုအိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ ဓနိမိုးထရံကာအိမ်၊ ဆိုင်ကယ်၊ စက်ဘီးတို့ကို ပိုင်ဆိုင်ကြပါသည်။ ၎င်းတို့သည် ကူလီ၊ ကျဘန်းအလုပ်ကို လုပ်ကိုင်ကြပါသည်။ ဝင်ငွေပုံမှန် မရှိသဖြင့် ကြွေးမြီများတင်လျှက်ရှိပါသည်။ ပညာတတ်မြောက်မှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းကြောင့် ထိုကဲ့သို့ နွမ်းပါးရခြင်းဖြစ်ပါသည။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

စစ်တန်းကျေးရွာ၏ အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေးဖြစ်ပါသည်။ အလုပ်အများဆုံး ကာလမှာကဆုန်၊ နယုန်၊ဝါဆို၊ သီတင်းကျွတ်၊ တဆောင်မုန်း၊ နတ်တော်၊ တပို့တွဲလတို့ဖြစ်သည်။ လယ်သမားများသည် ကဆုန်လတွင် လယ်ယာများစိုက်ပျိုးရန် ပြင်ဆင်ရသောအချိန်ဖြစ်သောကြောင့် ဝင်ငွေမရှိပါ။ လုပ်သားများအနေဖြင့် ယင်းလတွင် နေ့စားလုပ်ငန်းများ လုပ်ကိုင်ရသောကြောင့် ဝင်ငွေအနည်းငယ်ရရှိပါသည်။ နယုန်လတွင် စပါးစိုက်ပျိုးခြင်းကို ပြုလုပ်ကြပါသည်။ ဝါဆိုလတွင် ပျိုးနှုတ်ခြင်း၊ ကောက်စိုက်ခြင်းတို့ကို ပြုလုပ်ကြပါသည်။ သီတင်းကျွတ်နှင့် တဆောင်မုန်းလများသည် စပါးများရိတ်သိမ်းသည့် ကာလဖြစ်သောကြောင့် လယ်သမားအနေဖြင့် ဝင်ငွေရရှိသောလဟု ဆိုရပေမည်။ တန်ဆောင်မုန်းလ၌ စပါးများရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများ ဖြစ်သော ပဲတီစိမ်းကို စိုက်ပျိုးပါသည်။ တပို့တွဲ၊ တပေါင်းလသည် ပဲတီစိမ်းဆွတ်ခူးရာသီဖြစ်သဖြင့် လယ်သမားများ ဝင်ငွေ အကောင်းဆုံးလဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအနေဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများဖြစ်သော ကြက်၊ ဘဲ၊ ဝက်တို့ကို တစ်နှစ်ပတ်လုံး မွေးမြူကြသောကြောင့် ဝင်ငွေရရှိမှုများရှိပါသည်။ ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် တရားပွဲများ ပြုလုပ်ကြပါသည်။ ကျန်းမာရေးအနေဖြင့် ရွာသူရွာသားများ တစ်နှစ်ပတ်လုံးတွင် နာစေး၊ ချောင်းဆိုးခြင်း ကဲ့သို့သော ဖျားနာမှုများသာ ရှိပါသည်။ သောက်သုံးရေ ရရှိမှုအနေဖြင့် တပို့တွဲလနှင့် တပေါင်းလတွင် ကန်များ ရေခန်းသည့် ကာလဖြစ်၍ အခက်အခဲရှိပါသည်။ ရာသီဥတုအနေဖြင့် တစ်နှစ်ပတ်လုံး ပုံမှန်အခြေအနေရှိပါသည်။ အစာရေစာရရှိမှုအနေဖြင့် တစ်နှစ်ပတ်လုံးဖူလုံမှုရှိပါသည်။


## ၄။ ဗင်းပုံစံသုံးသပ်ချက်။



## သုံးသပ်ချက်

စစ်တန်းကျေးရွာတွင် ကျေးရွာ၏ လူမှုရေးကိစ္စများတွင် ဦးဆောင်၍ ဆောင်ရွက်ပေးနေသော သာရေးနာရေးအဖွဲ့တစ်ခုရှိပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးအဖွဲ့သည် လမ်း၊ တံတား၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လုံခြုံရေးကိစ္စများကို ကျေးရွာလူထုအား ဦးဆောင်၍ လုပ်ကိုင်ပါသည်။ မြစိမ်းရောင်နှင့် ပက်မြန်မာငွေချေးအဖွဲ့သည် ကျေးရွာလူထုအား အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ ဘာသာရေးအဖွဲ့သည် ကျေးရွာ၏ သာသနာပြန့်ပွားရေး နှင့် ရေရှည်တည်တံ့စေရန် ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်သည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်ထွေအုပ်ရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ရဲစခန်း၊ မြို့နယ်ပညာရေးမှူးရုံးတို့နှင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ပညာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာလူထု၏ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းတွေ့ရှိရပါသည်။ လူထုဗဟိုပြုစီမံကိန်း ကော်မတီသည် ကျေးရွာလူထုမှ ရွေးချယ်ဆောင်ရွက်ပေးခဲ့သော စီမံကိန်းလုပ်ငန်းခွဲများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံခန့်ခွဲပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းတို့သည် ကျေးရွာ၏ လိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထွေအုပ်ရုံးသည် ကျေးရွာ၏ လူဦးရေတိုးပွားမှုများအား အတည်ပြုဆောင်ရွက်ပေးပါသည်။ အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများ၏ အခန်းကဏ္ဍကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနေသည်ကို တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ချက်** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**အရင်းအမြစ်လက်လှမ်းမှီအသုံးချမှု** စစ်တန်းကျေးရွာတွင် အမျိုးသားသည် အမျိုးသမီးများထက် ပို၍ သုံးစွဲခွင့် ရကြောင်းတွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု**အမျိုးသားများက အမျိုးသမီးများထက် အလုပ်အကိုင်အခွင့်အလမ်းပို၍များသောကြောင့် ဝင်ငွေရရှိမှုတွင်လည်း အမျိုးသားများက အမျိုးသမီးများထက် ပိုများကြောင်း တွေ့ရှိရပါသည်။

**လုံခြုံမှု** ခန္ဓာဗေဒနှင့်ရှေးရိုးစွဲအစဉ်အလာများကြောင့် အမျိုးသားများသည် အမျိုးသမီးများ ထက်ပို၍ နေထိုင်သွားလာမှုကိစ္စများတွင် လုံခြုံမှုရှိကြောင်းတွေ့ရှိရပါသည်။


**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု**အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်ကို တွေ့ရှိရသော်လည်း အများအားဖြင့် အမျိုးသမီးများသာ ဆောင်ရွက်ရကြောင်း တွေ့ရှိရပါသည်။


**အလုပ်ကိုင်အခွင့်လမ်း** စစ်တန်းကျေးရွာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပါသည်။

**ပညာရေးပါဝင်မှု** စစ်တန်းကျေးရွာသည် ပညာရေးကို ဦးစားပေးသောကြောင့် အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး ရရှိသည်ကို တွေ့ရှိရပါသည်။

**သာရေးနာရေးကိစ္စများတွင် ပါဝင်မှု** စစ်တန်းကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများအားလုံးသည် သာရေးနာရေးကိစ္စများ တွင် အတူတကွ ပူးပေါင်းဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** အမျိုးသားများ ထိန်းချုပ်ထားသော အရာများမှာ လယ်ယာမြေ၊ စပါးရိတ်စက်၊ ထွန်စက်၊ ကွန်ဒေါင်း၊ ဆိုင်ကယ်၊ နွားပုံ၊ ခြွေလှေ့စက်၊ ဆန်စက်၊ ကား တို့ဖြစ်ပါသည်။ အမျိုးသားများမှ အရင်းအမြစ်များကို အများဆုံး ထိန်းချုပ်ထားကြောင်းတွေ့ရှိရပါသည်။ ၎င်းအရင်းအမြစ်များကို အသုံးပြုနိုင်ရန်အတွက် အမျိုးသားများမှသာ ဆုံးဖြတ်ချက်ချခြင်းဖြစ်ပါသည်။ အမျိုးသမီးများအနေဖြင့် အရင်းအမြစ်များကို ထိန်းချုပ်မှုတွင် အားနည်းနေကြောင်း တွေ့ရှိရပါသည်။

**အသုံးပြုမှု** စစ်တန်းကျေးရွာတွင် အမျိုးသားများအသုံးပြုသော အရင်းအမြစ်များမှာ စပါးရိတ်စက်၊ ထွန်စက်၊ ကွန်ဒေါင်း၊ ဆိုင်ကယ်၊ နွားပုံ၊ ခြွေလှေ့စက်၊ ဆန်စက်၊ ကား၊ လယ်မြေ စသည်တို့ဖြစ်ပါသည်။ အမျိုးသမီးများ သုံးစွဲသော အရင်းအမြစ်များမှာ စက်ဘီး၊ ကုန်စုံဆိုင်၊ အပ်ချုပ်စက်၊ အလှပြင်ဆိုင်တို့ ဖြစ်ပါသည်။ အမျိုးသားနှင့် အမျိုးသမီးများ အတူတကွ အသုံးပြုသော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ ရေကန်၊ အားကစားကွင်း၊ စာကြည့်တိုက်၊ ဆေးခန်း၊ လျှပ်စစ်မီး၊ တာဝါတိုင်၊ ဘုန်းတော်ကြီးကျောင်း၊ စေတီ၊ စက်ရေတွင်း စသည်တို့ဖြစ်ပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၃၀.၁၀.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အစည်းအဝေးတက်ရောက်မှု မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

### ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမိုးလွင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်နီလာခိုင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးပြည့်ဖြိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးသန်းမြင့်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ခင်သန်းဆင့် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးသံချောင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးကျော်အောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်သီ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးစိုးမြင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်ငွေးဝင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်အေးလွင် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးသက်နိုင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်စိန်ရွှေ | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဒေါ်နွယ်နွယ်လှိုင် | မ | ကျေးရွာငွေစာရင်းကိုင် |
| ၁၅ | ဦးကျော်သူဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးနိုင်ဦးလွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်သီသီခိုင် (၂) | မ | စေတနာ့ဝန်ထမ်း |
| ၁၈ | ဒေါ်သီသီခိုင်(၁) | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၈) ယောက်     ကျား(၉)ယောက် +မ(၉)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| | |
|---|---|
| ၁။ဦးအေးမင်းသွင် | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၂။ဒေါ်နီလာခိုင် | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၃။ဦးမိုးလွင် | ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ |
| ၄။ဦးခင်မောင်သန်း | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ |
| ၅။ဒေါ်ခင်မာစန်း | အဖွဲ့ဝင်၊ ဘဏ္ဍာရေးပ်ကော်မတီ၊ |
| ၆။ဒေါ်လှလှသီ | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၇။ဦးအေးဆွေ | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၈။ဒေါ်သန်းသန်းခိုင် | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |

**မှတ်တမ်းတင်သူ**

အမည် - ဦးငွေဖြိုးလွင်

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၂၉-၁၀-၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးဇော်လှမြင့် | 09-776120506 | ဦးဝေဖြိုးလှိုင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်တံခါး | ကျေးရွာအုပ်စု ဇောင်းတန်း | ကျေးရွာ ဇောင်းတန်း |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၀၆၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | |
| လူမျိုးစု (၂) ---ဟိန္ဒူ--- | ၆ | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ - | - | ဘာသာ (၃) ------------ - | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား - | - | - | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅၆ | | |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၈၉၈ | ၁၈၉၅ |
| လူမျိုးစု (၁)---ဗမာ | ၁၈၉၀ | ၁၈၈၅ |
| လူမျိုးစု (၂)---ဟိန္ဒူ | ၈ | ၁၀ |
| လူမျိုးစု (၃)---------- - | - | - |
| အခြား - | - | - |
| အိမ်ထောင်ဦးစီး | ၉၆၄ | ၁၀၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ ✓ | ☐ ✓ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ ✓ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | **ကွန်ကရစ်လမ်း** | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား _______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------
မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ (circled)   ☐ ရှိပါသည်   ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစိမ်းရောင်
(၂) [illegible]
(၃) [illegible]

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ   ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်   အမည် [illegible]

လက်မှတ် [signature]   နေ့စွဲ 10.10.2017

လူထုစည်းရုံးရေးမှူး   အမည် [illegible]

လက်မှတ် [signature]   နေ့စွဲ 10.10.2017

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မည့်သည့် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးငွေဖြိုးလှိုင်

နေ့စွဲ ၂၆ . ၁၀ . ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု စစ်တော | ကျေးရွာ [illegible]

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီတွင် သွားလာရခက်ခဲခြင်း။ | ၁ | မိုးရာသီတွင် သွားလာရခက်ခဲခြင်း။ |
| ၂ | မျိုးကောင်း/သန့် မရရှိခြင်း။ | ၂ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း။ |
| ၃ | ခေတ်ပေါ် စိုက်ပျိုးရေး နည်းပညာ လိုအပ်ခြင်း။ | ၃ | အထက်ပညာ သင်တန်းများ လိုအပ်ခြင်း။ |
| ၄ | မြောင်း၊ ကန်၊ တာတမံ မကောင်းခြင်း | ၄ | မူကြို ကျောင်း မရှိခြင်း။ |
| ၅ | ကျေးရွာခန်းမ မရှိခြင်း | ၅ | အရင်းအနှီးများ မရှိခြင်း။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းများ ကောင်းမွန်စေချင်။ | ၁ | လမ်းများ ကောင်းမွန်စေချင်။ |
| ၂ | မျိုးကောင်း/သန့် များ ရရှိစေချင်။ | ၂ | အလုပ်အကိုင် များ ပေါများစေချင်။ |
| ၃ | နည်းပညာများ ရရှိစေချင်။ | ၃ | အထက်ပညာ သင်တန်းများ ရရှိစေချင်။ |
| ၄ | တာတမံ များ ကောင်းမွန်စေချင်။ | ၄ | ၅ နှစ်အောက်ကလေးများ မူကြိုကျောင်း ရှိစေချင်။ |
| ၅ | ကျေးရွာခန်းမ ရှိစေချင်။ | ၅ | တစ်ပိုင်တစ်နိုင် အရင်းအနှီးများ ပေးစေချင်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] လမ်း ကွန်ကရစ်ခင်းခြင်း | ကျ + မ | 26,500,000 | ကျေးရွာလူထုအားလုံး |
| ၂ | ချမ်းမြေ့သာယာ လမ်း | ကျ + မ | 17,000,000 | 〃 〃 |
| ၃ | [illegible] လမ်း | ကျ | 20,000,000 | 〃 〃 |
| ၄ | [illegible] လမ်း | မ | 15,000,000 | 〃 〃 |
| ၅ | | | | 〃 〃 |

ယ။ လုပ်ငန်းစီမံကိန်း၏ လာမည့် ( ၅ ) နှစ်အတွက် အကောင်အထည်ဖော်မည့် ဦးစားပေးဖြေရှင်းသင့်သည့် လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖြေရှင်းသင့်သည့် လုပ်ငန်းစဉ်များ | အချိန်ကာလ (အချိန်တိုများ/ အချိန်လတ်များ/ အချိန်ကာလ - အချိန်ရှည်) | မှတ်ချက် |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး မျိုးကောင်း / သွင်း | [illegible] | |
| ၂ | ရေနှင့်သဘာဝပတ်ဝန်းကျင် ချေး | ၆ | |
| ၃ | တစ်ပိုင်တစ်နိုင် အရင်း အနှီး | က - ၆ | |
| ၄ | ဆင်းရဲ နွမ်းပါးမှု လျော့ချရေး | က - ၆ | |
| ၅ | နည်းပညာ သင်တန်း များ | က - ၆ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီ အတည်ပြုသည်။

အမည် ဒေါ်နီလာခိုင် ........ လက်မှတ် ........ ရက်စွဲ 29. 10. 2017

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | စိုက်ပျိုးရေး မျိုးကောင်း/သန့်။ | ☐မ ☑ကျား | | |
| | ၂ | တစ်ပိုင်တစ်နိုင်၊ အရင်းအနှီး၊ | ☑မ ☑ကျား | | |
| | ၃ | နည်းပညာသင်တန်း များ။ | ☑မ ☑ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| ဆိုး | ၁ | [illegible] | ☑မ<br>☐ကျား | | |
| | ၂ | ဆင်းရဲနွမ်းပါးမှု လျှော့ချရေး | ☐မ<br>☐ကျား | | |
| | ၃ | | ☐မ<br>☐ကျား | | |
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |

လူထုပဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ဘုန်းကြီးကျောင်း ဓမ္မာရုံ |
| ပြုလုပ်သည့်နေ့ရက် | ။ | ၂၇.10.2017 |
| ပြုလုပ်သည့်အချိန် | ။ | နံနက် ၁၁:၀၀ နာရီမှ ညနေ ၃:၀၀ နာရီထိ |
| ကျေးရွာအုပ်စုအမည် | ။ | စခံတန်း |
| မြို့နယ်အမည် | ။ | ကျောက်တန်း |

---

အစည်းအဝေး ခေါင်းစဉ် ။ ။ လူထုပဟိုပြု စီမံကိန်း ဒုတိယနှစ် စတင်ဝင်ပြီး ပထမ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းဝေး။

တက်ရောက်သူဦးရေ ။ ။ ကျား 285 + မ 289 = 574 ယောက်

ရည်ရွယ်ချက် ။ ။ ကျေးရွာသူ ကျေးရွာသားများအား လူထုပဟိုပြုစီမံကိန်းအကြောင်း သိရှိလာစေပြီး၊ ပူးပေါင်းပါဝင်မှုအား ကောင်းလာစေရန်နှင့်၊ စေတနာ့ဝန်ထမ်း ရွေးချယ် သိရှိစေခြင်း။

ဆွေးနွေးချက် ။ ။ ကျေးရွာ အုပ်ချုပ်ရေးမှူး မှ အဖွင့် အမှာစကား ပြောကြားရာတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရောက်ရှိလာသော လူထု ပဟိုပြု စီမံကိန်းကို ကျေးရွာ လူထုမှ လက်ကမ်းကြိုဆို ကြရန်နှင့် ပူးပေါင်း ပါဝင်မှု ရှိလာစေရန်အတွက် အဖွင့် အမှာစကား ပြောကြား ခဲ့ပါသည်။ လူထု စည်းရုံးရေးမှူး ဦးဌေးဖြိုးလှိုင်မှ လူထုပဟိုပြု စီမံကိန်း မိတ်ဆက်ခြင်းတွင် စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါတွင် မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ( ) မြို့နယ် အထိ အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါသည်။ ဂျပန်ငွေ ထောက်ပံ့သော နိုင်ငံများမှာ ကမ္ဘာ့ဘဏ် နှင့် မြန်မာ နိုင်ငံအစိုး

ဆွေးနွေးချက်။ ရုံးကို ~~မြို့~~ မှ ထောက်ပံ့ ကူညီ ခဲ့ပါသည်ဟု စီမံကိန်း အကြောင်း သိရှိရန် အတွက် မိတ်ဆက် ပေးခဲ့ပါသည်။ စီမံကိန်း၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ ရလဒ်များ ကိုသိ ရှိစေရန်နှင့် ကျား/မရေး ရာနှင့် ပတ်သက်သည့် အချက် (၆) ချက်အား ရှင်းပြခြင်း၊ ဝေဖန် အကြံပြု တိုင်ကြားခြင်း ခံနိုင်အား သိရှိရန် အတွက် ရှင်းလင်းခြင်း၊ စီမံကိန်း ကို အပိုင်း (၆) ပိုင်း ခွဲ၍ အဆင့် (၁၄) ဆင့် ဖြင့် ၄ နှစ် ဆက်တိုက် အကောင် အထည်ဖော် ဆောင် ရွက် သွား မည် ဟု သိရှိရန် ဆွေးနွေးခဲ့ပါသည်။ ပါလရခရင်း ရုံးရေးမှူး၊ လက်တွေ့ကျ နည်း ပညာ များ များ လုပ်ဆောင်ရမည့်တာဝန်များနှင့် ကျေးရွာ ပါလရ နှင့် ကော်မတီဝင်များ လုပ်ဆောင်ရမည့် တာဝန် များကို လည်း ရှင်းပြခဲ့ပါသည်။ သင်တန်း များကိုလည်း ~~က~~ ကဏ္ဍ အလိုက် ပေးအပ် သွားမည်ဖြစ်ပြီး စီမံကိန်း လုပ်ငန်း များ အ ကောင်အထည် ဖော် ဆောင်ရွက် ပြီးပါက ပျက်စီးသည့် အပိုင်း များ ကို ပြန်ဆင်ရန် ကျေးရွာလူထု တွင် တာဝန် ရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

သုံးသပ်ချက် ။ ။ ဒေသနာ ဝန်ထမ်း ရွေးချယ်ခြင်းတွင် ပထမနှစ် အစ်ဝင်တွင် ဒေသနာ ဝန်ထမ်း
သင်ခန်းစာရချက်
(၄) ယောက် တာဝန် ရှိခဲ့ရာ ယခုနှစ်တွင်လည်း (၄) ယောက် တာဝန် ရှိမည် ဖြစ် ကြောင်း သဘောတူခဲ့ပါသည်။ ထို (၄) ဦး မှ မ (၁) ဦး နုတ်ထွက် သွားသည် အတွက် ၎င်း၏ နေရာတွင် မ (၁) ဦး အား မဲခွဲ၍ဖြစ် ရွေးချယ်ခဲ့ပါသည်။ ထို့ နောက် ပါဝင်မှု ဆိုင်ရာခြင်း (၆) မျိုး ၏ ရည်ရွယ်ချက် များကို ရှင်းပြ ၍ တက်ရောက် လာသော ကျေးရွာ ပါလရ နှင့် အတူ ပါဝင်မှု ဆိုင်ရာခြင်း (၆) မျိုး ကို ပြုလုပ်ခဲ့ပါသည်။ ရရှိလာသော သုံးသပ်ချက် များ ကို ကျေးရွာလူထု အား ရှင်းလင်း ပြောကြား ပြီး အစည်းအဝေး အား ရုပ်သိမ်း ခဲ့ပါသည်။

(signature)

ဦးရွှေ ဖြိုး လွင်
ပါလရခရင်း ရုံးရေးမှူး
ရွာတောင်း တင်သာ

လူထုပေါ်ပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းကြီးကျောင်း ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၂၇· 10 · 2017

ပြုလုပ်သည့်အချိန် ။ နံနက် ၁၀:၀၀နာရီမှ ညနေ ၃:၀၀နာရီထိ

ကျေးရွာအုပ်စုအမည် ။ စစ်တောင်း

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးခေါင်းစဉ် ။ ။ ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက် ရွေးချယ်ခြင်းနှင့် ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ကော်မတီဝင်များ ရွေးချယ်ခြင်း။

ရည်ရွယ်ချက် ။ ။ ကျေးရွာ အတွင်းရှိ အမျိုးသားများ၏ အသက်အရွယ်၊ အမျိုးသမီးများ၏ အသက်အရွယ် လိုအပ်ချက်များကို သိရှိရန်၊ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရာတွင် ကျေးရွာ စီမံခန့်ခွဲမှု အဖွဲ့များ ပြန်လည်ရွေးချယ်ခြင်းကို သိရှိစေခြင်း။

---

ဆွေးနွေးချက် ။ ။ ဒေါ်ငွေဆည်း ရုံးချုပ် မှ ဦးငွေမြိုးလှိုင်မှ ဆက်သွယ်ပေးသော ကျေးရွာ ပြည်သူများ/အဖွဲ့များနှင့် လူ့ အသက်အရွယ် လိုအပ်ချက်များကို သိရှိလေ့လာနိုင်ရန် အတွက် ဆွေးနွေးရာတွင် အမျိုးသမီးများ တင်ပြလာသော အသက်အရွယ် ပြဿနာများမှာ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း၊ အလုပ်အကိုင်နှင့် အတတ်ပညာ သင်တန်းများ မရှိခြင်း၊ မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း၊ ၅ နှစ်အောက် ကလေးများအတွက် မူကြိုကျောင်း မရှိခြင်းတို့ ဖြစ်ပြီး အမျိုးသမီးများ၏ လိုအပ်ချက်များမှာ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေချင်ပါသည်။ အတတ်ပညာ သင်တန်းများ ရရှိစေချင်ပါသည်။ မူကြိုကျောင်း တစ်ကျောင်း ရရှိချင်ပါသည် စသည်တို့ ဖြစ်ပြီး အမျိုးသားများ၏ အသက်အရွယ် များမှာ အရည်အသွေး မြင့်မားသော စိုက်ပျိုးရေး မျိုးစေ့များ မရရှိခြင်း၊ စိုက်ပျိုးရေး နည်းပညာများ လိုအပ်ခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ မရရှိခြင်း၊ မိုးရာသီတွင် သွားလာရ ခက်

ဆွေးနွေးချက် ခဲခြင်း၊ မြောင်းကျုံးတံတားများ မကောင်းခြင်း၊ သောက်ရေရေး မပြေလည်ခြင်း
ကျေးရွာ ခန်းမ မရှိခြင်း၊ ကျေးရွာ အားကစားကွင်း မရှိခြင်း တို့နှင့် ဆွေးနွေး
ချက်များမှာ မျိုးကောင်း မျိုးမှန်များ ရရှိစေခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်
သော နည်းပညာ သင်တန်းများ ရရှိစေခြင်း၊ လမ်းများ ကောင်းမွန်စေခြင်း
တံတားများ ကောင်းမွန်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များစေ
ခြင်း၊ ကျေးရွာ ခန်းမ နှင့်၊ ကျေးရွာ အားကစားကွင်း ရရှိစေခြင်း တို့ ဖြစ်ပါသည်။

ဆုံးဖြတ်ချက်။ " " အမျိုးသား/အမျိုးသမီးများ၏ ပြဿနာ အခက်အခဲ ဆွေးနွေးချက်
သဘောတူညီချက် များမှ ဦးစားပေး လုပ်ငန်းများကို ဆွေးနွေးရာ၌ အကျိုးဝင်သော လုပ်ငန်းနှင့်
အကျိုး မဝင်သော လုပ်ငန်းများကို ခွဲထုတ်ပြီး မဲပေးရာတွင် ဦးစားပေး (၁)
ကူးဆွာသာယာလမ်း၊ ဦးစားပေး (၂) ချမ်းမြေ့သာယာလမ်း၊ ဦးစားပေး (၃) စေတီက
လမ်းနှင့် ဦးစားပေး (၄) စိတ္တသုခလမ်း တို့ အသီးသီး ရရှိခဲ့ပါသည်။
တို့နောက် ကျေးရွာစီမံခန့်ခွဲ ကော်မတီများအား ပြင်ဆင် ရွေးချယ်ခြင်း
တွင် ကျေးရွာလူထု အား ပထမနှစ် ကော်မတီဝင်များအား ဒုတိယနှစ်အတွက်တိုး
တွင် ဆက်လက်ထားရှိရန် သဘောတူကြောင်း မဲရာတွင် ကျေးရွာလူထုမှလည်း
ပထမ နှစ် မှ ကော်မတီဝင်များကို ဒုတိယနှစ် သက်တမ်းတွင် ဆက်လက်ထားရှိရန်
ဆန္ဒရှိကြောင်း ဆွေးနွေး သဘောတူခဲ့ပါသည်။ တို့နောက် ကျေးရွာ ငွေစာရင်း
ကိုင်ရာထူး မှ နုတ်ထွက် သွားသော ကျား (၁ဦး) နေရာတွင် မ (၁ဦး) အား
ဖြည့်လျှော်ရွေးချယ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။ တို့ကြောင့် ကျေးရွာ ငွေ
စာရင်းကိုင် မ (၁ဦး) အား မဲစနစ်ဖြင့် ရွေးချယ်ခဲ့ပြီး မဲအများဆုံး ရရှိသော
ဒေါ်နွယ်နွယ် ကျိုင်အား ကျေးရွာငွေစာရင်းကိုင် အဖြစ် ရွေးချယ်ခဲ့ပြီး အစည်းအ
ဝေးအား ရုပ်သိမ်းခဲ့ပါသည်။

(signature)

ဦးဇွေမြိုးလွင်

လူထုအသင်းချုပ်ရေးမှူး

မှတ်တမ်းတင်သူ

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊